# Time is Fast Running Out !

## အချိန်သည် လျင်မြန်စွာ ကုန်ဆုံးလျက်ရှိနေပြီ

## (By Victoria Nehale)

(ဗိတိုရိယနီးဟေး တင်ပြသည်)

နမီးဘီးယားမှာမွေးပြီး အဲဒီမှာကြီးပြင်းလာခဲ့တဲ့ ကျွန်မဗိတိုရိယဟာ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်နေ့မှာ ကျွန်မရဲ့အသက်တာကို ခရစ်တော်ဘုရားထံ ဆက်ကပ်ခဲ့ပါတယ်။ ငရဲပြည်သို့ အကြိမ်ကြိမ်ခေါ်ဆောင်သွားခြင်းမှ အစပြု၍ ခရစ်တော်ဘုရားက ကျွန်မကို ဝိညာဉ်လောကသို့ခေါ်ဆောင်သွားခဲ့ပြီး ထိုအကြောင်းအရာများကို သိစေခဲ့ပါတယ်။ ဒီခရီးစဉ်အတွေ့အကြုံတို့ကို လူတိုင်းကို ပြန်ပြောရမည်ဖြစ်ကြောင်း၊ ဗနာက်ထပ်အပိုဆောင်းသည့်အချက်များကို မထည့်သွင်းရမည်ဖြစ်ကြောင်း၊ သူ၏ပြောကြားချက်များကိုလည်း တစ်လုံးမကျန်မမေ့မလျော့ ရေးသားရမည်ဖြစ်ကြောင်း အထူးသတိပေးကြပ်မတ်မှာကြားပါတယ်။ ဒီစာအုပ်ကိုရေးနေတဲ့အချိန် ၂၀၀၆ ခုနှစ်အတွင်းမှာ ခရစ်တော်ဘုရားက ကျွန်မကို (၃၃)ကြိမ်တိုင်တိုင် လာရောက်ပြီး၊ ချီဆောင်ခြင်းအမှုကို ပြုခဲ့ပါတယ်။ ချီဆောင်ခြင်းပြုပြီး တစ်ခုပြီးတိုင်းပြီးတိုင်း သူပြောလေ့ရှိတဲ့ သူ့ရဲ့စကားကြီးကတော့ 'အချိန်သည် လျင်မြန်စွာ ကုန်ဆုံးလျက်ရှိနေပြီ' တဲ့။

### ငရဲသို့ ခရီးစဉ်တစ်

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့၊ ရက်သတ္တပတ်ကုန်ဆုံးတဲ့အပတ်မှာ ကျွန်မအလုပ်လုပ်တဲ့ အွန်ဒန်ဝါမြို့မှာ နာရီဝက်လောက်တက္ကစီငှါးစီးပြီး မွေးဖွားရာမြို့တော်သို့ ပြန်လာခဲ့ပါတယ်။ မိဘတွေနဲ့ ရုံးပိတ်ရက် (၂)ရက်မှာ အတူနေဖို့လေ။ လမ်းမှာ တစုံတခု ထူးထူးဆန်းဆန်း အဲ့ဒီနေ့ညနေမှာဖြစ်မယ်ဆိုတဲ့ အတွေးမျိုး၊ စိတ်ခံစားချက်မျိုးရရှိလာတယ်။ (၆)နာရီလောက် အိမ်ကိုရောက်ပြီး ညစာစားဖို့ အားလုံးနဲ့အတူတကွ ပြင်ဆင်ကြတာပေါ့။ မီးဖိုချောင်ထဲမှာပေ့ါ။ ကြမ်းပြင်မှာဘဲ အဝတ်ကြမ်းခင်းထားပြီး ခဏလဲလျောင်းနေလိုက်တယ်။ ဘေးနားမှာတော့ တူလေးနဲ့တူမလေးက ဥပုသ်စာဖြေကျောင်းမှ သင်ကြားပေးလိုက်တဲ့ သီချင်းတွေကို ထိုင်ပြီး ဆိုပြနေတယ်။

ရုတ်တရက်ဆိုသလို . . ကြီးမားတဲ့ ဘိတ်သိတ်ပေးမှုတစ်ခုက ကျွန်မကို လွှမ်းခြုံလိုက်တယ်။ ချက်ချင်း ကျွန်မရဲ့ကိုယ်ခန္ဓာဟာ အင်အားလျော့နည်းချိနဲ့သွားတယ်။ ဘုရားရှင်ရဲ့တန်ခိုးတော် ကျွန်မအပေါ်ကို သက်ရောက်လာတယ်။ လူတစ်ယောက်- ဝတ်ရုံအဖြူရောင်၊ ခါးစည်းအဖြူကိုစည်းထားတယ်။ ကျွန်မလဲလျောင်းနေတဲ့ နေရာကို လျှောက်လှမ်းလာနေတာကို တွေ့လိုက်ရတော့တာပါပဲ။ တကိုယ်လုံးပတ်ပတ်လည်ကို ထွန်းလင်းတောက်ပတဲ့ အလင်းရောင်အရှိန်တန်ခိုးများနဲ့ သူ့ကိုပတ်လည်ဝန်းရံထားလျက် တွေ့ရတယ်။ သူ့ကိုယ်ခန္ဓာထဲကထွက်တဲ့ အလင်း၊ တန်ခိုးများလို့ထင်မိတာပါပဲ။ ကြိုးသိုင်းဖိနပ်အညိုရောင်ကို စီးထားတယ်။ အရှေ့အလယ်ပိုင်းသား ပုံစံရှိတယ်။ သန့်စင်တဲ့ အသားအရေရှိတယ်။ ကြင်နာသနားညှာတာတဲ့ မျက်နှာပေါက်ရှိတယ်။ ထွန်းလင်းတောက်ပနေတဲ့ မျက်နှာတော်ကို ကြည့်လိုက်တဲ့အခါ မျက်စိကို မမြင်ရဘူး။ စကားပြောတဲ့အခါတိုင်းမှာ ကြင်နာတဲ့အသံလှိုင်းခါတ်၊ သနားညှာတာတဲ့ အသံခါတ်နဲ့ ချစ်တဲ့မေတ္တာခါတ် အပြည့်အဝပါရှိပေမယ့် သိပ်တန်ခိုးကြီးတဲ့ အရှိန်ခါတ်လည်း ပါရှိတယ်။ အဓိကကတော့ မေတ္တာရောင်ခြည်လှိုင်းခါတ်တွေ သူ့ဆီမှ ဖြာထွက်နေတယ်ဆိုတာပါပဲ။

ကျွန်မလဲလျောင်းနေရာမှ ထဖို့ သူ့ကိုဆွဲဆန့်ပြီး ထူလိုက်တယ်။ ချက်ချင်းဆိုသလို ခန္ဓာရဲ့ ကိုယ်ခန္ဓာဟာ အသစ်သောခန္ဓာကိုယ်အဖြစ်သို့ ပြောင်းလဲသွားတယ်။ (၁၈)နှစ်သမီးအရွယ် ခန္ဓာကိုယ်အသစ်နဲ့ ဖြစ်သွားတယ်။ ခါးစည်းအဖြူ ဝတ်ရုံအဖြူကို ဝတ်ဆင်လျက်ပေါ့။ ဒါပေမဲ့ သူ့ဝတ်ရုံအဖြူအသားမျိုးတော့ လုံးဝမဟုတ်ဘူး။ သူ့ဝတ်ရုံကတော့ ပိုးသားအဖြူလိုမျိုး ဖြူပြီး ထွန်းလင်းတောက်ပနေတာ။ ကျွန်မ မပြောပြတတ်ဘူး။

အကြင်နာဆုံးအသံနဲ့ သူပြောတာကတော့ 'ဗိတိုရိယ၊ ငါနှင့်အတူ လိုက်ခဲ့ပါ။ ကြောက်မက်ဖွယ်ကောင်းတဲ့ အရာများကို ပြသမယ်။ သင့်အသက်တာမှာ တခါမှမရောက်ဖူးတဲ့ အဲ့ဒီနေရာကို ခေါ်ဆောင်သွားမယ်' တဲ့။ ကျွန်မရဲ့ ညာဘက်လက်ကို ဆွဲကိုင်ထူမလိုက်တာနဲ့ ခရီးစဉ် စတော့တာပါပဲ။ လေထဲမှာ လမ်းလျှောက်နေသလိုမျိုး ခံစားရတယ်။

တော်တော်လေး ခရီးပေါက်ပြီး နည်းနည်ကြာလာတော့ . . .

ဒါပေမယ့် ကြင်နာသနားညှာတာတဲ့ အကြည့်နဲ့ ဘုရားရှင်က ကျွန်မကိုလှည့်ကြည့်ပြီး **' သင်ဟာ မပင်ပန်းသေးပါဘူး၊ သင့်မှာအားလုံး အဆင်ပြေနေပါတယ်။ အကယ်၍ အရမ်းပင်ပန်းတယ်ဆိုရင် ငါကိုယ်တိုင် သင့်ကိုချီပိုးပြီး ဆက်ပြီး ခရီးဆက်မယ်။ ဒါပေမယ့် အခုတော့ သင်အဆင်ပြေနေ တုန်းပါဘဲ။ ငြိမ်သက်ခြင်း သင်၌ ရှိပါစေ၊ ဆက်သွားကြရအောင်'** လို့ပြောပါတယ်။

ကျွန်မတို့လျှောက်လာတဲ့ နေရာကတော့ အလွန့်ကိုကောင်းလှပါတယ်။ အဆိုးဆုံးသော သဲကန္တာရထက် ပိုဆိုးတဲ့နေရာကျယ်ကြီးပဲ။ သက်ရှိအရာတစ်ခုမှ မရှိဘူး။ မြက်တစ်ပင်၊ သစ်တစ်ပင်၊ အသက်ရှင်သောအရာတစ်ခုဆိုတစ်ခုမှမရှိတဲ့နေရာ။ စိတ်တုန်လှုပ်ချောက်ချားစရာ နေရာကြီးတစ်ခုပဲ။

တံခါးဂိတ်ကြီး တစ်ခုဆီကိုရောက်လာတဲ့အခါကျတော့ ဘုရားရှင်က **'ဗိတိုရိယ - ဒီတံခါးကနေ တို့တွေဖြတ်သန်းဝင်ရောက်သွားကြမယ်။ အဲ့ဒီအထဲမှာ သင့်ကိုတုန်လှုပ်ချောက်ချားစေပြီး စိတ်ထိခိုက်နာကျင်စေမယ့် မြင်ကွင်းတွေ တွေ့ရလိမ့်မယ်။ သင်မှတ်ထားရမှာက သင့်ကိုငါကိုယ်တိုင် ကာကွယ်စောင့်ရှောက်ထားတဲ့နေရာတွေကိုသာ ခေါ်သွားခြင်းဖြစ်တယ်ဆိုတာပါပဲ။ မျက်စိကိုဖွင့်၍ သင့်အား ငါပြသသောအရာ**

**အားလုံးကို မြင်အောင်ကြည့်ရှုလော့။'** လို့ပြောပါတယ်။ ကျွန်မလဲ ကြောက်လွန်းလို့ ခြုံးပွဲချ ငိုတော့တာပါပဲ။ ကျွန်မကို ကမ္ဘာကြီးကို ပြန်ခေါ်သွားပေးဖို့ ဘုရားရှင်ကို နည်းအမျိုးမျိုးနဲ့ တောင်းပန်တော့တာပါပဲ။ အဲ့ဒီအထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ဒီဂိတ်တံခါးအပြင်ဘက်ကနေ လှမ်းတွေ့နေရတော့ ကျွန်မ လုံးဝမသွားချင်ဘူးလေ။ အတင်းဘဲ ပြန်ပို့ပေးဖို့ တောင်းဆိုရင်း ငိုယိုနေမိတော့တယ်။ သူက ကျွန်မကို ကြည့်ပြီး ပြောတာကတော့ **'ငြိမ်သက်ခြင်းရှိပါစေ။ ငါသည် သင်နှင့်အတူရှိ၏။ အထဲကို ဝင်ကြရလိမ့်မယ်။ အချိန်သည် အလွန်တိုတောင်းလျက်ရှိ၏'** တဲ့။

ဂိတ်တံခါးကြီးကို ဖြတ်ကျော်လာခဲ့ပါပြီ။ ပြောမပြတတ်အောင် အလွန်ကြောက်စရာကောင်းလှပါတယ်။ စကြာဝဠာတစ်ခုလုံးမှာ ဒီနေရာလောက် ကြောက်ဖို့ကောင်းတဲ့နေရာ မရှိနိုင်တော့ပါဘူး။ အကျယ်ကြီးဖြစ်သလို နေရာတဖြည်းဖြည်းနဲ့ ချဲ့ထွင်နေတယ်ဆိုတာ သိမြင်ခံစားရတယ်။ အပူဆုံးနေရာဖြစ်သကဲ့သို့ အမှောင်တကာ့အမှောင် အနက်ဆုံးနေရာလည်းဖြစ်တယ်။ အပူဆုံးမီးထက် အဆပေါင်းများစွာပူတယ်။ မီး၊ မီးလျှံ၊ မီးစ လောင်ကျွမ်းရာ အရင်းအမြစ် စတာတွေကို လုံးဝမတွေ့ရပေမယ့် ပူပြင်းတဲ့ဒဏ်ကတော့ သေမတတ်ပဲ။ ရှိသမျှနေရာအားလုံးနဲ့ ရှိသမျှအရာအားလုံးအပေါ်ကို တွယ်တက်နေတဲ့. . တိုတိုတုတ်တုတ်. . တုတုဝဝ. . မည်းမည်းတီကောင်တွေကိုလည်း တွေ့ရတယ်။

အစိမ်းရောင်၊ အမည်းရောင်၊ မီးခိုးရောင်ရှိတဲ့ ယင်ကောင်ကြီးတွေက နေရာတိုင်းမှာအပြည့်ပဲ။ စဉ်းစားလို့ရသမျှ ယင်ကောင်အမျိုးအစားရှိရှိသမျှ အဲ့ဒီနေရာမှာ ရှိတယ်။ ယင်ကောင်တွေက ကျွန်မအပေါ်မှာ ဝိုင်းအုံပြီး၊ ပျံဝဲလိုက်ကြတာ နံစော်နေတာပါပဲ။ အဲ့ဒီလိုပဲ တီကောင်တွေကလည်း ကျွန်မအပေါ်ကို စပြီးတွယ်တက်လာနေကြတယ်။ အဲ့ဒီနေရာဟာ မကောင်းတဲ့ အနံ့ဆိုးတွေနဲ့ ပြည့်နေတဲ့နေရာပဲ။ ဖော်ပြလို့မရနိုင်လောက်အောင် နံတယ်။ အစတစ်ရာထက်မက အသားစိမ်းပုပ်နံ့တွေ ရှိတယ်။ ညည်းတွားသံတွေ. . အံသွားကြိတ်ခဲတဲ့အသံတွေ. . နတ်ဆိုး၏ရယ်သံကြီးတွေနဲ့ အဲ့ဒီနေရာဟာပြည့်နှက်နေတယ်။

အဆိုးဆုံးကတော့ အဲ့ဒီနေရာကျယ်ကြီးတစ်ခုလုံးမှာ လူတွေအပြည့်ရှိနေခြင်းပဲ။ ရေတွက်လို့တောင် မရနိုင်ဘူး။ လူတွေဟာ အရိုးပုံစံနဲ့ ရပ်နေ၊ တည်ရှိနေကြတယ်။ အဲ့ဒီအရိုးတွေဟာ လူတွေရဲ့အရိုးဖြစ်တယ်လို့ ကျွန်မတပ်အပ်ပြောနိုင်တာကတော့. . . ရွာထဲကလူအချို့နဲ့ ကျွန်မအရင်းနှီးဆုံး သူငယ်ချင်းတွေကို တွေ့လိုက်ရလို့ပါပဲ။ သူတို့ရဲ့အရိုးတွေဟာ မီးခိုးရောင်ဖြစ်နေပြီး မွဲခြောက်နေတယ်။ သားရိုင်းတွေမှာရှိတဲ့ အစွယ်အရှည်ကြီးတွေလိုမျိုး. . သူတို့မှာ အစွယ်တွေရှိကြတယ်။ ပါးစပ်ကြီးတွေက အကြီးကြီးဖြစ်နေပြီး အကျယ်ကြီးဟနိုင်တယ်။ အနီရဲရဲတောက်အရောင်ရှိတဲ့ ရှည်လျားတဲ့လျှာကြီးတွေနဲ့ မြင်လိုက်ရတယ်။ လက်ကော၊ ခြေကောက. . သာမာန်ထက်ပိုရှည်တယ်။ ခြေချောင်းလေးတွေကတော့ တိုတိုလေးတွေ၊ လက်ချောင်းတွေအားလုံးမှာတော့ ရှည်လျားတဲ့ လက်သည်းအရှည်ကြီးနဲ့ပေါ့။ အချို့မှာတော့ ဦးချိုရှိပြီး၊ အချို့မှာတော့ အမြီးကြီးတွေရှိကြတယ်။

အဲ့ဒီလူတွေအပေါ် တက်ခွပြီး ဒုက္ခပေးနေတဲ့ နတ်ဆိုးတွေကိုလည်း တွေ့လိုက်ရတယ်။ နတ်ဆိုးတွေက မီးချောင်းရုပ်ပုံသဏ္ဍာန်ရှိကြတယ်။ ခြေထောက်လေးချောင်းနဲ့ သွားလာကြတယ်။ အဲ့ဒီပတ်ဝန်းကျင်မှာ သူတို့ကတော့ အေးဆေးပဲ။ ဘာမှပူပူလောင်လောင် မရှိကြဘူး။ လူတွေကို အထင်သေးစွာ ပျက်ရယ်ပြုလိုက်၊ ဒုက္ခပေးလိုက်နဲ့ ကျေနပ်နေကြတယ်။ နတ်ဆိုးတွေအော်ဟစ်တဲ့ ဆူညံသံဟာ သူတို့အတွက်ကျတော့ အောင်ပွဲအခမ်းအနားမှာ. . ပျော်ရွှင်မြူးတူးနေတဲ့ အသံလိုပဲလေ။ ခုန်ပေါက်လျက်၊ မြူးတူးပျော်ရွှင်လျက်ပေါ့။ ခံနေရတဲ့လူတွေကျတော့ တွေ့ရတာ စိတ်မချမ်းသာစရာ၊ နာကျင်မှုဝေဒနာအပြည့်နဲ့ ငိုလျက်၊ အော်ဟစ်လျက်၊ ညည်းတွားလျက်၊ အံသွားကြိတ်ခဲလျက်. . ကြီးစွာသော ငရဲဝဋ်ကြွေးကို အဆုံးမရှိ ဒဏ်ခံနေရကြရှာတယ်။

ဒီနေရာမှာ လူဘယ်လောက်များသလဲဆိုရင် မရေတွက်နိုင်ဘူး။ ထူးဆန်းတာက အများစုက မိန်းမတွေဖြစ်နေတယ်ဆိုတာပဲ။ အုပ်စုတွေ ခွဲထားတာတောင် မရေတွက်နိုင်ဘူး။ အုပ်စုတစ်စုဆိုတာ မရေတွက်နိုင်တဲ့လူပေါင်းများစွာနဲ့ ဖွဲ့ထားလို့လေ။

အရှေ့ဘက်ဒေသမှာရှိတဲ့ အုပ်စုတစ်စုအနားကို ဘုရားရှင်က ကျွန်မကို ခေါ်လာတယ်။ ပြီးတော့ ကျွန်မကိုကြည့်ပြီး **'ဝိတိုရိယ၊ ဒီအုပ်စုဟာ တခြားလူတွေကို ခွင့်မလွှတ်နိုင်ခဲ့တဲ့ လူတွေပဲဖြစ်တယ်. . ငါဘုရားရှင်ကိုယ်တိုင် နည်းအမျိုးမျိုးနဲ့ အကြိမ်ကြိမ် သူတို့လို သူများအပြစ်ကိုလွှတ်ဖို့ ပြောကြားသတိပေးခဲ့ပေမယ့် ငြင်းဆန်တယ်။ ငါသည်. . သူတို့အပြစ်ကို လွှတ်သကဲ့သို့၊ သူတို့ဟာလည်း သူများရဲ့အပြစ်ကို လွှတ်ဖို့ ပြောခဲ့တယ်။ သူတို့ရဲ အချိန်ဟာ ကုန်ဆုံးပြီးတာနဲ့ သူတို့ကိုသူတို့ ဒီနေရာမှာ ရောက်နေကြရတာကို တွေ့ကြရတော့တာပဲ။ ဒီနေရာမှာ ထာဝရဒဏ်ခံပြီး နေနေကြရတော့မှာ။ စိုက်တဲ့အတိုင်းရိတ်ပြီး စိုက်တဲ့အသီးကို ထာဝရစားကြရတော့မှာလေ။ ဒါတွေကို တွေ့ရတာ ငါဘုရားရှင် အင်မတန်စိတ်ဝမ်းနည်းကြေကွဲမိတယ်။ ဒီနေရာဟာ ထာဝရအမြဲရှိနေပြီး ဒဏ်ခံနေရမယ့် နေရာပဲလေ။ ငါ. . သူတို့ကို သိပ်ချစ်လွန်းလို့ပေါ့။'** လို့ပြောတယ်။

နောက်ဒုတိယအုပ်စုဆီက ခေါ်သွားပြီး ဒီလူတွေဟာ အကြွေးကိုမဆပ်ခဲ့ကြသူတွေလို့ ပြောပြတယ်။ အုပ်စု(၃)စု ခွဲထားတယ်။ ပထမအကြွေးမီအုပ်စုကတော့- သူများကိုအကြွေးပေးစရာရှိတဲ့ လူတွေပဲ။ ပေးလို့ရပေမဲ့ ရွှေ့ဆိုင်းတာတွေ၊ နှောင့်နှေးစေတာတွေလုပ်ပြီး မပေးခဲ့တဲ့ လူတွေအုပ်စုပဲ။ မနက်ဖြန်ပေးမယ်၊ နောက်အပတ်ပေးမယ်၊ နောက်နှစ်ပေးမယ်လို့ ပြောရင်းပြောရင်း သူတို့အချိန်လည်း ကုန်ဆုံးရော ဒီနေရာကိုရောက်လာကြတာပဲ။ ထာဝရဒီမှာပဲ ဒဏ်ခံရင်းနေကြရတော့မှာ။ စိုက်သည့်အတိုင်း ရိတ်ကြရတာပဲလေ။

ဒုတိယအကြွေးမီအုပ်စုကတော့- အကြွေးကို ပြန်ပေးဆပ်နိုင်စွမ်းရှိပေမယ့် (အကြွေးကို ပြန်ပေးဆပ်ချင်ပေမယ့်) နောက်ဆက်တွဲအကျိုးဆက်တွေကို ကြောက်လို့မပေးကြတဲ့ လူအုပ်စုပဲ။ ဥပမာအားဖြင့်- အမှန်ကိုသာပြောလိုက်မယ်ဆိုရင် လူ့အသိုင်းအဝိုင်းထဲ မဝင်ဆံ့တော့မှာ ကြောက်တာမို့လို့၊ ထောင်ချခံရမှာစိုးလို့၊ လူတကာအထင်သေးပြီး အရှက်ကွဲခံရမှာကြောက်လို့ စသည်ဖြင့်ပေါ့လေ။

ဘုရားရှင်က **'တစ်ယောက်မှ ငါ့ဆီကိုလာပြီး ဘယ်လိုနည်းလမ်းရှာရမလဲဆိုတာကို. . . မမေးကြဘူးလေ။ မေးပြီး အကူအညီတောင်းခံခဲ့ရင် သာ၍လွယ်သော ထွက်မြောက်ရာလမ်းအလွယ်ကို ငါပေးပြမယ်ဆိုတာ မယုံကြည်ကြဘူးလေ။**

**အကြောင်းအကျိုး ကိုယ့်ဖာသာကိုယ် ဆီလျော်သလို မှတ်ချက်ချပြီး ကိုယ့်ဉာဏ်ကိုကိုယ်အမှီပြုပြီး ဒီအကြွေးပြဿနာအားလုံးကို မရှင်းပဲ ထားခဲ့ကြတယ်။ အချိန်လည်းကုန်ရော၊ သူတို့ကိုသူတို့ ဒီနေရာမှာရောက်နေကြတာကို တွေ့ကြရပြီး တစ်သက်လုံးဒဏ်ခံကြရတော့တာပဲ။ စိုက်သည့်အတိုင်း ရိတ်ကြရတာလေ။**

ထို့နောက် ဘုရားရှင်က **'တတိယအုပ်စုကတော့- ပြန်မဆပ်နိုင်တဲ့အကြွေးရှိတဲ့အုပ်စုပါ။ ဒါပေမယ့် သူတို့မှာ အကြွေးရှိတယ်ဆိုတာကို ငါ့ကိုမပြောခဲ့ကြဘူး။ ပြောခဲ့ပြီး အားကိုးခိုလှုံခဲ့ရင် သူတို့ရဲ့အကြွေးတွေ ငါပြန်ဆပ်ပေးခဲ့နိုင်တယ်။ အကြောင်းအကျိုး ကိုယ့်ဖာသာကိုယ် ဆီလျော်သလို မှတ်ချက်ချပြီး ကိုယ့်ဉာဏ်ကိုကိုယ်အမှီပြုပြီး ဒီအကြွေးပြဿနာအားလုံးကို မရှင်းပဲ ထားခဲ့ကြတယ်။ အချိန်လည်းကုန်ရော၊ သူတို့ကိုသူတို့ ဒီနေရာမှာရောက်နေကြတာကို တွေ့ကြရပြီး တစ်သက်လုံးဒဏ်ခံကြရတော့တာပဲ။ စိုက်သည့်အတိုင်း ရိတ်ကြရတာလေ။ ငါ သူတို့ကို နှစ်နှစ်ကာကာ သိပ်ချစ်လွန်းလို့ . . . အခု ငါ့နှလုံးသားဟာ အင်မတန်မှ နာကျင်လှတယ်။'** လို့ ပြောပါတယ်။

ပထမအုပ်စုထဲမှာတော့ ကျွန်မရဲ့အမျိုးနှစ်ယောက်ကို တွေ့ရတယ်။ မိန်းမနှစ်ယောက်ပါ။ ထို့အတူ အသက် (၁၂)နှစ်အရွယ်ရှိတဲ့ ကလေးတစ်ယောက်ကိုလည်း တွေ့ရတယ်။ အမျိုးပါပဲ။ ဘယ်လို (၁၂)နှစ်ဆိုတာကို ကျွန်မသိလဲဆိုရင် သူသေတုန်းက အသက် (၁၂)နှစ်ပဲရှိသေးလို့။

ဒုတိယအုပ်စုထဲမှာတော့ အချို့သော ကျွန်မရဲ့အမျိုးတွေကို တွေ့ရတယ်။ ထို့အတူ ကျွန်မနဲ့အရမ်းကိုသိကျွမ်းတဲ့ သင်းအုပ်ဆရာကိုလည်း တွေ့ရတယ်။ ဂျိတ် - ကျွန်မရဲ့အရင်ရည်းစားကိုလည်း တွေ့ရတယ်။ ခရစ်တော်ကို ကျွန်မက လက်ခံယုံကြည်လိုက်လို့ဆိုပြီး သူ့ကိုသူ သတ်သေသွားခဲ့တဲ့လူပေါ့။ ကျွန်မရဲ့အိမ်နီးနားချင်းများကိုလည်း တွေ့ရတယ်။

ကျွန်မက သူတို့ကိုမြင်ပြီး ဘယ်သူဘယ်ဝါဆိုတာ ချက်ချင်းမှတ်မိသလို၊ သူတို့ကလည်း ကျွန်မကိုမြင်ပြီး ဘယ်သူဆိုတာ ချက်ချင်းမှတ်မိကြတယ်။ ကျွန်မအမျိုးတွေက ကျွန်မကိုမြင်တော့ ဒေါသထွက်ပြီး အော်ဟစ်ဆဲဆို၊ ကျိန်ဆဲကြတယ်။ တစ်ယောက်က အော်ပြောတာကတော့ ကျွန်မဘေးနားမှာ အတူရပ်နေတဲ့ ထိုလူနဲ့အတူ လိုက်ပါလာဖို့ ကျွန်မဟာ အဲ့ဒီလောက်မထိုက်တန်၊ မသန့်ရှင်းဘူးတဲ့။ ခရစ်တော်ကို လက်မခံမီ ကျွန်မဘဝရဲ့ မကောင်းမှုမှန်သမျှကို အားလုံးဖြည်ချပြီး အရှက်ခွဲကြတယ်။ သူတို့အမှန်ကိုပြောတာပါ။ သူတို့မညာကြပါဘူး။ ကျွန်မအရင် ရည်းစားဟောင်းကလည်း ကျွန်မကို သူပိုင်ဆိုင်ကြောင်း၊ သူရှိတဲ့နေရာမှာကျွန်မရှိရမည်ဖြစ်ကြောင်း၊ ဘာကြောင့်လဲဆိုတော့သူလုပ်ခဲ့တဲ့အပြစ်များကိုလည်း ကျွန်မလုပ်ခဲ့ကြောင်း အော်ပြောတယ်။ သင်းအုပ်ဆရာကျတော့တစ်မျိုး - ပထမပိုင်းတော့ ကျွန်မကိုမြင်တော့ ဝမ်းသာနေတယ်။ ပြီးတော့ ကျွန်မရဲ့အနားမှာရပ်နေတဲ့ ထိုလူကိုလည်းတွေ့ရော မျက်နှာချက်ချင်းပြောင်းသွားပြီး ကျိန်ဆဲတော့တာပဲ။ နားနဲ့မနာနိုင်လောက်တဲ့ စကားလုံးရိုင်းများနဲ့ကို ကျိန်ဆဲတာ။ ဘုရားရှင်က ကျွန်မကို ထိုသူတို့ကိုဂရုမပြုဖို့ ပြောတယ်။ သူတို့ဘာလုပ်နေလဲဆိုတာ သူတို့မသိကြပါဘူးလို့လည်း ပြောတယ်။

ကျွန်မဟာ တုန်လှုပ်ချောက်ချားပြီး ဝမ်းနည်းလွန်းလို့ ရပ်တောင်မရပ်နိုင်လောက်အောင်ပါပဲ။ အထိန်းအချုပ်မရှိ ငိုနေမိတယ်။ ဘုရားရှင်က. . ကျွန်မကို အားပေးပြီး နှစ်သိမ့်စွာ ဖက်ထားပေးတယ်။ ပြီးတော့သူက **'ဝိတိုရိယ. . သင်၌ ငြိမ်သက်ခြင်းရှိပါစေ'** လို့ပြောတယ်။ ထိုခဏမှာ ကျွန်မအားပြည့်သလို ခံစားရပြီး၊ သူ့ရဲ့နှစ်သိမ့်မှုအောက်မှာ လုံခြုံစွာနေရတာကို ခံစားလိုက်ရတယ်။ ဒီနေရာက ပြန်ကြမယ်လို့ ဘုရားရှင်ကပြောတယ်။ ကျွန်မကြည့်ပြီး. . မပြန်ခင်ပြောတာကတော့ **'ဝိတိုရိယ. . အားလုံးကို သင့်အား ငါမြင်စေခဲ့ပြီးပြီ၊ ဘယ်အုပ်စုထဲမှာ ပါချင်သလဲဆိုတာ သင်ကိုယ်တိုင် သင့်ဘဝကိုရွေးချယ်ပါ၊ သင့်ရွေးချယ်မှုဟာ သင့်လက်ထဲမှာပါဘဲ။ လူတိုင်းကိုမြင်ခဲ့သမျှ အရာအားလုံးကို ပြန်ပြောပြပေးပါ. . ဘာမှထပ်မတိုးနဲ့ . . ဘာမှမနှုတ်ယူနဲ့'** တဲ့။

ကျွန်မတို့အတူတူ ပြန်လာခဲ့ကြတာကို မှတ်မိပေမယ့် ဘယ်နေရာအရောက်မှာ သူ့ကိုကျွန်မ ထားခဲ့မိသလဲဆိုတာ မမှတ်မိဘူး။ မျက်လုံးဖွင့်လိုက်တော့ ကျွန်မက ကျွန်မရဲ့ကိုယ်ခန္ဓာထဲပြန်ရောက်နေပြီး ကျွန်မရဲ့ကိုယ်ခန္ဓာဟာ အိုရှာကာတီ ဆေးရုံမှာ ရောက်နေတယ်။ ဗယ်ဘက်လက်မှာ ဆေးသွင်းထားပြီး ကျွန်မအမေရယ်၊ အိမ်နီးနားချင်းတွေရယ်ကို အခန်းထောင့်မှာ အံ့အားသင့်စွာ ကျွန်မကို ကြည့်နေကြတာကို တွေ့လိုက်ရတယ်။ အမေငိုထားတယ်ဆိုတာ ကျွန်မသဘောပေါက်လိုက်တယ်။ သူနာပြုဆရာမကို မေးကြည့်လိုက်တော့ စသလို၊ ကျီစယ်ပြီးပြောတာကတော့ 'သင့်ကိုပြန်ပို့လိုက်တာလေ. . ။ တစ်ခုခုအမှားလုပ်ခဲ့တာကို ဝန်ချမတောင်းပန်ခဲ့ရသေးလို့ နေမှာပေါ့' တဲ့။ သေပြီး ပြန်ရှင်ထလာတဲ့ ကျွန်မနားကို အဲ့ဒီသူနာပြုက မလာရဲဘူးလေ။ ဒါနဲ့ ဆရာဝန်ကို ကျွန်မခေါ်ခိုင်းလိုက်တယ်။ ဆရာဝန်ကြီးရောက်လာတော့ သူကပြောတယ် . . ကျွန်မဘာဖြစ်သွားလို့ သေတယ်ဆိုတာ သူလည်းသေချာမသိဘူးတဲ့။ မလေးရီးယားရောဂါကြောင့်လို့ ထင်ခဲ့ပေမယ့် သွေးစစ်ကြည့်တော့ မဟုတ်ဘူးတဲ့။ သွေးခုန်နှုန်း၊ နှလုံးခုန်နှုန်း၊ အပေါ်သွေး၊ အောက်သွေး အားလုံးဟာ စိုးရိမ်မှတ်ထက် ကျော်နေတယ်တဲ့။ ဒါပေမယ့် ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာကို အကျိုးအကြောင်း ရှာလို့မရဘူးတဲ့။ ဆေးသွင်းပြန်တော့လည်း ဆေးက ကိုယ်ခန္ဓာထဲကို မဝင်ဘူး။ မျက်လုံးပြန်ဖွင့်လာမှပဲ ဆေးက ခန္ဓာထဲ ဝင်တော့တာတဲ့။ အဲ့ဒါနဲ့ပဲ သူနာပြုကို နောက်ထပ်ဆေးတစ်ပုလင်းသွင်းဖို့ အမိန့်ပေးလိုက်တယ်ဆိုပါတော့လေ။ အိမ်ကို အားပြည့်ပြီး ဆေးရုံကဆင်း ပြန်နိုင်အောင်လို့ပေါ့။

ကျွန်မ ဒီငရဲပြည် အဲ့ဒီနေရာကို မြင်ခဲ့ရတာကို ပြန်စဉ်းစားမိတိုင်း တအားကိုကြောက်တယ်။ လူ့ပြည် ပြန်ရောက်ပေမယ့် အဲ့ဒီနေရာမှာ ရှိနေတဲ့ အတွေ့အကြုံကို ခံစားနေရတုန်းပဲ။ မကြာခဏဆိုသလို ဒီအနံ့ဆိုးနဲ့ စိတ်ချောက်ခြားဖွယ် မြင်ကွင်းများကို ပြန်မြင်ယောင်လေ့ရှိတတ်တယ်။ ဖျောက်ဖျက်ပစ်လို့ မရဘူး။ စိတ်ဒုက္ခရောက်သည်ဖြစ်ခြင်း။ တစ်ပတ်တိတိ ဝမ်းတွေအကြီးအကျယ်လျှော့ပြီး၊ ထောင်းခံရသလိုကိုက်တဲ့ ခေါင်းကိုက်တဲ့ဝေဒနာကို ခံစားရတယ်။

ဒီအကြောင်းတွေပြန်ပြောပြရင် ဘယ်သူမှယုံမှာမဟုတ်ဘူး။ အဲ့ဒီတော့ မပြောဘူးလို့ဆုံးဖြတ်ပြီး ပါးစပ်ပိတ်ထားလိုက်တယ်။ ကျွန်မရဲ့ဆရာမတစ်ဦးက (၃)ရက်ကြာတော့ ဖုန်းဆက်ပြီးအကျိုးအကြောင်းလှမ်းမေးတယ်။ သူမကို ကျွန်မက Text Message ရိုက်ပြီး ဆုတောင်းခိုင်းလိုက်မိတာကိုး။ ကျွန်မလည်း သူမကို ဒီအကြောင်းတွေအားလုံးကို ဖွင့်ပြောပြလိုက်မိတယ်။ ကိုယ့်ကိုယ်ကိုလည်း ရိုက်ချင်မိပါတယ်။ ပြောမိတဲ့ပါးစပ်လေ။ ငိုနေမိတယ်. .

မပြောဖို့ စိတ်ပိုင်းဖြတ်ထားတဲ့ကြားက အကုန်ပြောလိုက်မိလို့။ အခုတော့ ဖုံးထားလို့မရတော့ဘူးလေ။ တကယ်တမ်းကျတော့ ကျွန်မပဲ မျက်စိမှောက်နေတာပါ။ ဘုရားရှင်က ကျွန်မကပြောဖို့တာဝန်ပေးထားတာလေ။ ဘုရားက ပြောဆိုဖို့ခိုင်းရင် ကျွန်မမပြောဖို့ ကြိုးစားပြီး ပါးစပ်ပိတ်ထားပေမဲ့လည်း အားလုံးပြောပြီး သားဖြစ်သွားရတာပါပဲ။ နောက်ဆုံးတော့လည်း သူဟာ ဘုရားပါပဲ။

ဩဂုတ်လ (၁၉)ရက်နေ့ . . . ကျွန်မနိုးလာတော့ ဘိသိတ်ပေးခြင်းဟာ ကျွန်မရဲ့ကိုယ်ခန္ဓာပေါ်သို့ သက်ရောက်နေပြီဆိုတာကို ချက်ချင်း သိလိုက်ရတယ်။ ဒီလျှပ်စစ်လှိုင်းတွေ ကျွန်မခန္ဓာကိုယ်ထဲကို ဝင်ရောက်လာတဲ့အချိန်မှာ ကျွန်မတစ်ကိုယ်လုံးဟာ အားအင်ချည့်နဲ့ပြီး တုန်ခါနေတော့တာပါပဲ။ အဲ့ဒီညနေခင်းမှာတော့ ထိန်လင်းတောက်ပတဲ့ အလင်းကြီးတစ်ခု ကျွန်မအခန်းထဲကို ဝင်လာပြီး အဲ့ဒီအလင်းထဲမှ လူသားတစ်ဦး ကျွန်မဆီကိုလမ်းလျှောက်ပြီး လာတယ်။ အရင်တစ်ခါတုန်းက ကျွန်မကိုခေါ်သွားတဲ့ ထိုလူပါပဲ။

ကျွန်မကို နှုတ်ခွန်းဆက်ပြီးတော့ ကျွန်မဆီမှာ မတင်မကျ ဖြစ်နေတဲ့ (သူ့ကိုမေးချင်တဲ့) မေးခွန်းတွေရှိတာကို သူသိကြောင်း၊ သူဘယ်သူလဲဆိုတာ ကျွန်မသိလိုတာကို သူသိကြောင်း ပြောတယ်။ သူက **‘ငါသည် ယေရှုခရစ်တော် သင်၏ကယ်တင်ရှင်ဖြစ်၏။ ယုံမှားသံသယရှိလျှင် လက်များကိုကြည့်ရှုလော့။ အရင်သွားခဲ့တဲ့နေရာက ငရဲပြည်ဖြစ်တယ်’** လို့ပြောတယ်။ သူ့လက်ကိုကျွန်မ လှမ်းကြည့်လိုက်တော့ သံရိုက်ထားတဲ့နေရာမှာ အမာရွတ်တွေအများကြီးတွေ့တယ်။

မိတ်ဆွေ . . . ငရဲပြည်ဆိုတာ လူတွေရဲ့စိတ်ကူးနဲ့ မှန်းဆထားတဲ့ ဒဏ္ဍာရီနေရာမဟုတ်ကြောင်း ကျွန်မဝန်ခံပြောဆိုပါတယ်။ တကယ့်ကို တည်ရှိနေတဲ့နေရာပါ။ ဆိုးရွားလွန်းလှတဲ့ ဒဏ်ခံရာ နေရာပါ။ စာတန်မာနတ်နဲ့ သူ့ရဲ့အဖွဲ့သားအားလုံးအတွက် ဒဏ်ပေးဖို့ နေရာပါ။ လူအတွက် လားလားမှ မအပ်စပ်ပါဘူး။ ကျွန်မတို့နေရာမဲ့ နေရာက ယေရှုခရစ်တော်ဘုရားနဲ့အတူ ကောင်းကင်ဘုံမှာပါ။ ဒါကိုသိဖို့ ရောက်ရှိဖို့ ခရစ်တော်ကိုနောက်မကျပဲ ယုံကြည်လက်ခံဖို့ လိုတယ်။ ဒီကနေ့ သူ့ရဲ့ခေါ်သံကြားရင် စိတ်ကိုတင်းမထားပါနဲ့မိတ်ဆွေ. . ။ ခရစ်တော်ကို သင်၏ကယ်တင်ရှင်အဖြစ် စိတ်မှလက်ခံပြီး နှုတ်မှလည်း ဝန်ခံပြောဆိုပါ။ ကြောက်စရာများနဲ့ ဝမ်းနည်းကြေကွဲမှုအပေါင်း ပြည့်နေတဲ့နေရာကို ပြပါဆိုလျှင် ငရဲပဲ။ ညှင်းဆဲခံရခြင်း၊ ထာဝရငိုကြွေးနေရခြင်းနဲ့ အံသွားကြိတ်ခဲနေရခြင်းအပေါင်း ပြည့်နေတဲ့နေရာကို ပြပါဆိုလျှင် ငရဲပဲ။ စာတန်မာနတ်က သူနဲ့အတူ လူတွေကို သယ်နိုင်သမျှ သယ်သွားပြီး ငရဲမှာ ဒုက္ခခံစေချင်တာပါ။ ကောက်ကျစ်တဲ့ သူ့ရဲ့အကြံအစည်ထဲ မိမိမပါပါစေနှင့်။ ဘယ်တော့မှ စာတန်နဲ့ အပေးအယူ မလုပ်လိုက်ပါနဲ့။ ယေရှုခရစ်တော်နှင့်သာ အတူတကွ ဝန်ခံဆက်ဆံပါ။ ခရစ်တော်နဲ့အတူ လက်တွဲပြီး အသက်တာကို လျှောက်လှမ်းလျှင် သေသော်လည်း အသက်ရှင်လိမ့်မယ်။

ကျွန်မဒုတိယအကြိမ် မွေးဖွားပြီးသား ယုံကြည်သူခရစ်ယာန်တစ်ယောက်ကို ခရစ်တော်ဘုရားက ဘာကြောင့်များငရဲပြည်မှာရှိတဲ့ အုပ်စုနှစ်စုကိုပြပြီး ရွေးချယ်ခိုင်းတာလဲ? ကျွန်မ သူ့ကိုရွေးချယ်ခဲ့ပြီးသည့်တိုင်အောင် သူကဆက်ပြီး ကျွန်မကို ထပ်ရွေးခိုင်းနေရတာလဲ? ငရဲကိုသွားမလား? မသွားဘူးလားဆိုတာ ကျွန်မဘာလို့ ထပ်ရွေးဖို့လိုသေးတာလဲ? . . . ဒါကို ကျွန်မနားမလည်ဘူး။ ဆုတောင်းပြီး ဘုရားရှင်ကို မေးတော့တာပဲ။ ဒီရူပါရုံရဲ့ အဓိပ္ပါယ်တွေ ဘာလဲဆိုတာရယ်. . သူ ကျွန်မကို ဘာလုပ်စေချင်တာလဲ ဆိုတာရယ်ကိုပေါ့။ ဘုရားရှင်က ဖွင့်ပြတယ်။ ကျွန်မဟာ ကြီးလေးတဲ့ ဝန်ထုပ်ကြီးကို ထမ်းထားတယ်ဆိုတာကို ဖွင့်ပြတယ်။

သူများကို ခွင့်မလွှတ်နိုင်တာရယ်. . ရန်လိုမုန်းတီး အငြိုးထားတာတွေရယ်. . ကျွန်မရင်ထဲမှာ ရှိနေတယ်ဆိုတာကို ဖွင့်ပြတယ်။ ညီမတစ်ယောက်အပေါ်မှာနဲ့ မောင်နှမဝမ်းကွဲတစ်ယောက်အပေါ်မှာ ချည်ထားတဲ့ကြိုးတွေလေ။ ဘုရားရှင်ထံ ကျွန်မချက်ချင်း ဝန်ချတောင်းပန်လိုက်ပါတယ်။ ညီမကိုလည်း ကျွန်မကိုခွင့်လွှတ်ဖို့ တောင်းပန်လိုက်ပါတော့တယ်။ ခရစ်တော်ဘုရားက ကျွန်မကို မောင်နှမဝမ်းကွဲဆီကိုလည်း ကိုယ်တိုင်သွားရောက်ပြီး သူတို့က. . ကျွန်မကို ခွင့်လွှတ်ပေးဖို့ တောင်းပန်ခိုင်းတယ်။

စာသင်တဲ့အလုပ်တစ်ခုကို ကျွန်မရချင်လို့ ဒီပလိုမာအတုလုပ်ခဲ့တဲ့အကြောင်းကို ပြန်ဖွင့်ပြပြီး ဒီဟာခိုးခြင်း၊ အကြွေးတင်ခြင်းနဲ့အတူတူပဲလို့ ကျွန်မကိုပြောတယ်။ ကျွန်မအမှန်ကိုလုပ်ဖို့ သတ္တိရှိလာပါပြီ။ ဘုရားရှင်ကိုပဲ မေးလိုက်တယ်။ ဘာလုပ်ရမလဲဆိုတာကိုပေါ့။ ထောင်ခန်းထဲ ဝင်ရမယ့်ကိစ္စလေ။ ပညာရေးဝန်ကြီးဌာကို သွားပြီးတောင်းပန်ခိုင်းတယ်။ ထောင်ခန်းကတော့ တန်းနေတဲ့ အမှုပဲ။ ဒါပေမယ့် လမ်းတစ်လျှောက်လုံး ဘုရားရှင်အတူပါပြီး. . ကောင်းကြီးပေးလာတာကို သိမြင်ခံစားရတယ်။ အရာရှိကြီးက ပြောတာကတော့ ကျွန်မကြုံကြသလိုဆုံးဖြတ်ပါတဲ့၊ လိမ်ယူထားတဲ့ လစာအားလုံးပြန်ပေးလိုက ပြန်ပေးနိုင်ကြောင်း၊ မပေးနိုင်ပါကလည်း. . . ကျွန်မဆန္ဒအတိုင်းပါတဲ့။ ကျွန်မကို တရားစွဲဆိုတာမျိုးကို လုံးဝမလုပ်ဘူးလို့လည်း ကတိပေးတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့လာရောက် ဝန်ချတောင်းပန်ချက်ကို ကြားရလို့တဲ့။ ဘုရားရှင်ဟာ သူ့ရဲ့စကားကို သူတန်ဖိုးထားပြီး ကတိတည်တဲ့ဘုရားပါပဲ မိတ်ဆွေရယ်. . ။

အကယ်၍များ မိတ်ဆွေဟာလည်း ကျွန်မလိုမျိုး အခြေအနေမျိုးတွေ့ကြုံနေမယ်ဆိုရင် ကျွန်မအားပေးချင်တာကတော့ အမှန်ကိုလုပ်လိုက်ပါ။ ဘာအကျိုးဆက်ပဲလာလာ အမှန်လုပ်ရပ်ကို ဘုရားရှင်ထံ တိုင်တည်ပြီး လုပ်လိုက်ပါ။ ထောင်ကျချင် ကျမယ်. . . ထာဝရငရဲနဲ့ နှိုင်းယှဉ်လျှင် ပါးပါးလေးပါ။ အခုပဲ ဘုရားရှင်ရဲ့ စီရင်ချက်ကို ခံလိုက်ရတာဟာ ငရဲမှာခံရတာထက် သာ၍ပေ့ါပါးပါတယ်။ ကျွန်မတို့ဟာ အခုနောက်ဆုံးသောကာလ . . ကျေးဇူးတော်ကာလမှာ အသက်လာရှင်ပြသူတွေဖြစ်လို့ ဘုရားရှင်ရဲ့ စီရင်ဆုံးဖြတ်ချက်ကို ကြောက်စရာမလိုပါ။ လုပ်ရမှာက အပြစ်အားလုံးကို သူ့ထံမှာဝန်ချတောင်းပန်ပြီး နောက်တဖန် ပြန်မပြုဖို့ပါပဲ။ ဒီအခွင့်အရေးကို သေပြီးတာနဲ့ လုံးဝမရတော့ဘူး မိတ်ဆွေ။

## ငရဲသို့ ခရီးစဉ်နှစ်

၂၀၀၅ ၊ အောက်တိုဘာလ (၁၈)ရက်နေ့ နံနက် (၅း၃၀)နာရီလောက်မှာ နိုးလာတော့ ရုံးသွားလို့မရတော့ဘူး။ အရမ်းကို အားအင်ချည့်နဲ့နေပြီး အရက်မူးနေသလိုမျိုး ချာချာလည်မူးနေလို့။ အိပ်ယာထဲမှာလည်း ဟိုဘက်ဒီဘက် လှည့်လို့မရနိုင်အောင်ဖြစ်နေတယ်။ ဘုရားရှင်ရဲ့ရောက်ရှိလာ

မှုကို အခန်းထဲမှာ တစ်ချက်တွေ့လိုက်ရပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးက တုန်လှုပ်နေပြီး လျှပ်စစ်ဓါတ်များ စီးဝင်နေပါတယ်။ (၈း၀၀)နာရီမတိုင်ခင် ဘုရားရှင်ရောက်လာပြီး ချီဆောင်သွားမှာမို့လို့ဖြစ်တယ်။ နောက်ဆုံးအကြိမ် ကျွန်မနာရီကိုကြည့်လိုက်တော့ (၇)နာရီ (၄၈)မိနစ်။ အဲ့ဒီအချိန်နောက်ပိုင်း ကာလလေးမှာ ဘုရားရှင်ရောက်လာပြီး ကျွန်မချီဆောင်သွားတော့တာပါပဲ။ ကျွန်မကို နှုတ်ခွန်းဆက်သပြီးအချိန်သည် လျှင်မြန်စွာကုန်ဆုံးနေသောကြောင့် ကျွန်မတို့အလျင်အမြန်သွားရန် လိုအပ်ကြောင်းပြောပါတယ်။ ကျွန်မမတ်တပ်ရပ်လိုက်ပြီး နှစ်ယောက်သား အခန်းထဲမှ လမ်းလျှောက်ထွက်လာတဲ့အခါမှာ သတိပြုမိလိုက်တာကတော့ ဒီတစ်ခေါက်ဟာ အရင်အခါတွေမျိုးကလိုမျိုး မဟုတ်တာကိုပဲ။ ခြေထောက်တွေက လမ်းသာလျှောက်နေတယ်၊ တကယ်တမ်းကျတော့ လမ်းလျှောက်တာမဟုတ်ပဲ လေထဲမှာ ဈာန်နဲ့ ရွေ့မျောနေတာပါ။ ဘုရားရှင်က လမ်းခရီးမှာ ကျွန်မကို အပြစ်က ဘယ်လောက်ဆိုးဝါးကြောင်း၊ အပြစ်မှာ ကြီးတဲ့အပြစ်ကြီး၊ သေးတဲ့အပြစ်လေး ဆိုတာမရှိကြောင်း ဘယ်အပြစ်ကိုမဆို ပြုမိပါက သေရမည်ဖြစ်ကြောင်း၊ ယခုငရဲသို့ တဖန်ပြန်လာနေပြီးဖြစ်လို့ ကြောက်နေသေးပါသလားလို့ မေးတယ်။ ကြောက်တယ်လို့ ကျွန်မပြောတယ်။

ဘုရားရှင်က **‘ ကြောက်တတ်တဲ့စိတ်သဘောဟာ ငါ့ခမည်းတော်ဆီမှကော. . ငါ့ဆီမှကော လာရောက်ခြင်းမဟုတ်ဘူး။ အဲ့ဒါစာတန်မာနတ်ဆီက လာတာ။ ကြောက်တဲ့စိတ်ဟာ သမီးကို ငရဲမှာ မိမိကိုယ်ကို ရောက်နေမှန်းမသိရောက်စေတဲ့ အရာများကိုလုပ်စေတယ်’** တဲ့။

ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ ကြောက်ခြင်းဟာ ယုံကြည်ခြင်းနဲ့ ထာဝရဆန့်ကျင်ဘက်ပဲ။ ကြောက်ခြင်းရှိလျှင် ယုံကြည်ခြင်းမရှိဘူး။ ယုံကြည်ခြင်းမရှိရင် ဘုရားစိတ်တော်နှင့်မတွေ့နိုင်ဘူး။ လမ်းတစ်လျှောက်လုံး တစ်ယောက်နဲ့တစ်ယောက် ဘေးချင်းယှဉ်ပြီး. . . စကားပြောလာနေကြပေမယ့် ငရဲတံခါးဝဆီရောက်တော့ ဘုရားရှင်ဟာ ကျွန်မရဲ့လက်ကို သူ့လက်နဲ့ တင်းကျပ်စွာဆုပ်ကိုင်ထားပြီး ဝင်လာခဲ့ကြတယ်။ ကျွန်မရဲ့ကြောက်စိတ်အားလုံးကို ဆုပ်ကိုင်လိုက်တဲ့သူ့လက်များက တခဲနက် ပပျောက်သွားစေတယ်။ အရင်နေရာတွေပါပဲ။ မပြောင်းလဲဘူး။ ယင်ကောင်တွေ၊ တီကောင်တွေ၊ မီးလျံအပူရှိန်တွေ၊ အနံ့ဆိုးတွေ၊ အရိုးပုံစံလူတွေ၊ အသံပလံတွေ အားလုံးအရင်အတိုင်းပါပဲ။ ကျွန်မကို ထူးဆန်းတဲ့အုပ်စုတစ်စု ရှိတဲ့နေရာသို့ ဘုရားရှင်က ခေါ်လာတယ်။ အားလုံးတော်တော်များများဟာ ကမ္ဘာကြီးမှာ ရှိနေစဉ် ကျွန်မသိပြီးသား လူတွေပါ။ သူတို့ကို ကြည့်ရတာ စိတ်မချမ်းသာလိုက်တာ။ ဘာမှမျှော်လင့်ချက်မရှိတော့တဲ့ မျက်နှာတွေနဲ့ ညှိုးငယ်ပြီး ဒုက္ခခံနေရရှာတယ်။

သူမ မသေခင် ကျွန်မနဲ့ ရင်းနှီးကျွမ်းဝင်သွားတဲ့၊ အသက်အရွယ် လူလတ်ပိုင်းရှိတဲ့ ကျွန်မရဲ့သူငယ်ချင်း ထိုအမျိုးသမီးကို ဘုရားရှင်က ညွှန်ပြတယ်။ ၂၀၀၅ ခုနှစ်၊ အစောပိုင်းမှာ ကားတိုက်ခံရပြီး သေသွားတဲ့သူမဟာ ဘုရားကိုလည်း ကြောက်ရွံ့ရိုသေတဲ့အသက်တာ၊ ချစ်တဲ့အသက်တာဖြင့် အသက်ရှင်ခဲ့ပေမယ့်လည်း ယခုတော့ သူမကို ကျွန်မ ငရဲမှာ တွေ့လိုက်ရပါတယ်။ ဘုရားရှင်က ဒီအမျိုးသမီးဟာ သူ့ကိုချစ်သလို၊ သူကလည်း သူမကိုချစ်ခဲ့ကြောင်း၊ သူမအသက်ရှင်စဉ် ဘုရားရှင်အတွက် အမှုဆောင်ရွက်ခဲ့ကြောင်း၊ လူတော်တော်များများကိုလည်း ဘုရားရှင်ဆီသို့ ပို့ပေးခဲ့ကြောင်း၊ ဘုရားရဲ့နှုတ်ကပတ်တော်ကိုလည်း နက်ရှိုင်းစွာသိ၍ ယုံကြည်ကြောင်း. . . ပြောပြပါတယ်။ ဆင်းရဲနွမ်းပါးသူများကိုလည်း ထောက်ပံ့ညှာတာကူညီစာနာကြောင်း၊ ထိုသို့အားဖြင့်သာမက အခြားသောပုံစံဥပမာကောင်းများဖြင့် ဘုရားသခင်ရဲ့ သာဓုသစ္စာရှိသော ငယ်ကျွန်ကောင်းဖြစ်ကြောင်း ပြောပြပါတယ်။ ဘုရားရှင်က **‘သူမဆီကို အကြိမ်ကြိမ် ငါသွားခဲ့တယ်. . ပြီးတော့ သူမရဲ့အဲ့ဒီမှားယွင်းတဲ့ ခံယူချက် (အပြစ်သေးသေးလေးပါ) နဲ့ လုပ်နေတာတွေကို ရပ်ဖို့ပြောခဲ့တယ်။ သို့သော်လည်း အချိန်တော်တော်များများမှာ သူလုပ်တဲ့အဲ့ဒီအရာလေးတွေဟာ သေးသေးလေးသာဖြစ်တယ်ဆိုပြီး သူ့ဘာသာသူမှတ်ချက်ချပြီး၊ သူ့ကိုယ်ကိုယ်ကို သူ. . နှစ်သိမ့်စေခဲ့တယ်။ မကြာခဏ သူမကို သတိပေးလျှို့ဆော်ခဲ့ပေမယ့် အဲ့ဒီအသံဟာ ဘုရားရှင်ထံကလို့မယူဆပဲ သူမရဲ့အသံကို သူမကြားနေတာပဲဆိုလို့ကောက်ချက်ချခဲ့ပြီး ထိုအပြစ်သေးများကို ဆက်လက်ပြုခဲ့တယ်။ အဲ့ဒီအပြစ်အသေးကိုပြုခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်နာစေမှာမဟုတ်ဘူးလို့ သူမကိုယ်သူမ နှစ်သိမ့်ရင်းနေခဲ့တယ်။’**

ဘာအပြစ်တွေများ သူလုပ်မိလို့လဲလို့ ဘုရားရှင်ကိုမေးတော့ . . ဘုရားရှင်က **‘ဒီအမျိုးသမီးမှာ အိုဆာကာတီဆေးရုံမှာ အလုပ်လုပ်နေတဲ့ သူ့ရဲ့သူငယ်ချင်း သူနာပြုတစ်ယောက်ရှိခဲ့တယ်။ ဒီအမျိုးသမီး နေမကောင်းဖြစ်တဲ့အခါတိုင်းမှာ သူမကတော့ ဆေးရုံကိုမသွား။ သူမရဲ့ဆေးလက်မှတ်နဲ့ ဆေးကုသစရိတ်မပေးဘဲ၊ အဲဒီဆေးရုံမှာလုပ်နေတဲ့ သူမရဲ့သူငယ်ချင်းကို ဖုန်းဆက်ပြီး သူမရဲ့ဆေးကုသစရိတ်ကို ဆေးရုံရဲ့အထွေထွေစရိတ်ထဲမှာ ထည့်သွင်းဖို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။ ရှေးဦးစွာ မာနတ်ကို လက်ခံစကားပြောပြီး သူပြောတာကို ယုံလိုက်မိတော့တာပဲ။ ဒီအပြစ်လေးဟာ အသေးအမွှားလေးပါဆိုတာလေ။ ပြီးတော့ ငါဘုရားရှင်ရဲ့ အမှန်တရားကို ငြင်းဆန်ပြီး အပြစ်ပြုတော့တာပဲ။ သူမက သူမကိုယ်စား ထိုသူနာပြုကို အပြစ်ပြုစေပြီး၊ ခိုးစေတယ်။ အဆိုးဆုံးကတော့ ထိုသို့အားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်နာစေတာပါပဲ။ အဲ့ဒါကြောင့်လည်း သူမဒီငရဲမှာ လာဒဏ်ခံနေရတာပေါ့။ သန့်ရှင်းသော ဝိညာဉ်တော်ကို စိတ်နာအောင်လုပ်ခဲ့တဲ့အတွက်လည်း သူများကိုကယ်ဖို့အတွက်ကြိုးပဲစဉ်းစားရင်း ကိုယ့်ဝိညာဉ်ကို ဆုံးရှုံးရတာမျိုးမဖြစ်စေနဲ့။ အချိန်စတ္တန့်မလပ် ဘုရားရှင်ရဲ့သန့်ရှင်းသောဝိညာဉ်တော်ကို အထူးဂရုစိုက်ပါ’** လို့ပြောပြတယ်။ ဒါတွေပြောပြီးတာနဲ့ ပြန်ကြဖို့ပြောတယ်။

ခရစ်ယာန်တော်တော်များများက ဒီသက်သေခံချက်ကို ဖတ်ပြီးတာနဲ့ ဒွိဟတွေကွဲလွဲကြမှာကို ကျွန်မသိတယ်။ ‘ဒါပေမယ့် ဖြောင့်မတ်ခြင်းတရား၊ သနားခြင်းဂရုဏာနဲ့ တဖက်သတ်ကျေးဇူးတော်တွေ ဘယ်ရောက်ကုန်ပြီလဲ’ လို့မေးကြမှာ မဟုတ်လား? ‘ကယ်တင်ခြင်းဟာ ရပြီးရင်ကော ဆုံးရှုံးတတ်တယ်မဟုတ်လား’ လို့လည်း မေးကြဦးမယ်လေ။ ‘ဒီလောက်တောင် ဘုရားကရက်စက်ပြီး မစာနာနိုင်ဘူးလား’ လို့ မေးမယ်ထင်ပါတယ်။

ကျွန်မ အရှေ့ပိုင်းမှာပြောခဲ့တဲ့အတိုင်း ဒီနေရာမှာ ကျွန်မ သွန်သင်ချက်အသစ်လာပြီး သွန်သင်နေတာမဟုတ်ပါဘူး။ ဘုရားကဘာပြောတယ်. . ပြီးတော့ရော ဘာတွေပြခဲ့တယ်ဆိုတာကိုပဲ ကျွန်မအားလုံးကို ပြန်ပြောပြနေတာပါ။ ကျမ်းစာကိုဖတ်ပြီး မိတ်ဆွေကိုယ်တိုင် အဖြေရှာပါ။ အထောက်အကူဖြစ်မယ့် အောက်ပါကျမ်းပိုဒ်များကို ဖတ်ပြီး ကိုယ့်ဘာသာကိုယ်ပဲ ကောက်ချက်ချပါလို့ ပြောပါရစေ။

* ၁ကော - ၉ း၂၇

* ရောမ - ၆ း ၁-၂
* ရောမ - ၆ း ၁၂
* ဟေဗြဲ - ၁၀ း ၂၆-၂၇

ဘုရားရဲ့အမှုတော်ကိုဆောင်ပြီး လူတွေကို ဘုရားရှင်ဆီကို အရောက်ပို့ပေးတဲ့ ကျွန်ုပ် ငရဲမှာကျနိုင်စရာအကြောင်း ရှိပါမလား? ကိုယ်ကိုယ်တိုင်ပဲ ဆုံးဖြတ်ပါ မိတ်ဆွေရယ်. . .။

## မနာခံခြင်း

မတ်လ (၆)ရက်၊ ၂၀၀၆ မနက် (၅း၃၀)နာရီမှာ သံပတ်ပေးနှိုးစက်ကြောင့် အိပ်ယာမှ နိုးလာရပြီး ဘုရားအာရုံပြု ဆုတောင်းလိုက်တာနဲ့ စတင်၍ ဘိသိတ်ပေးခြင်းခံလိုက်ရတယ်။ ကိုယ်ခန္ဓာဟာ ချက်ချင်းအားနည်း နုံးချိသွားပြီး တစ်ကိုယ်လုံးဟာ တုန်ရီလာတယ်။ လျှပ်စစ်ဓါတ်တွေ ခန္ဓာကိုယ်ထဲ စီးဝင်လာတယ်။

နေ့လည် ကျွန်မအခန်းထဲမှာ လဲလျောင်းနေစဉ် အလင်းကြီးတစ်ခု ရုတ်တရက် ကျွန်မအခန်းထဲမှာ ပြည့်လျှံလျက် ထွန်းလင်းတောက်ပလာတယ်။ ပင်အပ်ထိပ်မှာရှိတဲ့ အသေးဆုံး အဖုလုံးလေးအရွယ်လောက်ရှိတဲ့ အဖြူရောင်အသီးလေးတွေ ကျွန်မအပေါ်ကို ရွာချလာပြီး၊ အသားကိုလာထိတယ်။ တိမ်တိုက်အဖြူကြီးတစ်ခု အပေါ်ကပျံသန်းလာပြီး အခန်းထဲမှတဆင့် ကျွန်မတစ်ကိုယ်လုံးကို ထိပြီးဖုံးလွှမ်းထားတယ်။ တိမ်တိုက်တွေကြားထဲမှ . . . ခရစ်တော်လမ်းလျှောက်ပြီး ကျွန်မဆီကို ဦးတည်လာနေတာကို တွေ့လိုက်ရတယ်။ ကျွန်မကုတင်နားမှာရှိတဲ့ ထိုင်ခုံမှာ သူထိုင်လိုက်တယ်။ ဒီထိုင်ခုံ ဘယ်ကနေဘယ်လို ကျွန်မအခန်းထဲရောက်လာမှန်း ကျွန်မမသိလိုက်ရပါဘူး။ တွေ့လိုက်တော့ ထိုလူကယူပြီး ထိုင်နေနှင့်ပြီ။ ရွှေသားအတိပြီးတဲ့ နောက်ကျောမှီပါတဲ့ ထိုင်ခုံကြီးပါ။ ကုလားထိုင်ရဲ့ခြေချောင်းတစ်ချောင်းစီမှာ . . ငွေရောင်ကြယ်ပွင့်တစ်ခုစီနဲ့ တန်ဆာဆင်ထားပြီး ကြယ်ပွင့်တွေရဲ့ ရွှေရောင်တောက်တောက်ဖြစ်နေတဲ့ ရွှေထုထဲမှာ နစ်မြုပ်ပြီး မွမ်းမံပြုလုပ်ထားတယ်။ ခြေချောင်းတစ်ချောင်းစီမှာ လုံးဝန်းတဲ့ ဘီးတွေလည်း ရှိကြတယ်။

ဘုရားရှင်က ကျွန်မကို ခရီးဦးပြုနှုတ်ဆက်ပြီး လက်ကိုဆန့်လျက် ဆွဲထူလိုက်တယ်ဆိုရင်ပဲ ကျွန်မဟာ ကုတင်ပေါ်မှာ ထိုင်လျက်ဖြစ်နေပါပြီ။

ဘုရားရှင်က **'ဝိတိုရိယ. . ဆုတောင်းကြရအောင်'** လို့ ပြောတယ်။ ကျွန်မလုံးဝကို နားမလည်တဲ့ ဘာသာစကားနဲ့ သူဆုတောင်းတယ်။ 'အာမင်' တစ်လုံးတည်းကိုပဲ သူနားလည်တယ်။ ဘာတွေလဲလို့ သူမေးတော့ လူတွေ. . သူတို့အလုပ်လုပ်တဲ့နေရာကို ရောက်လာကြတာတွေ့ရသလို လူတွေ. . သူတို့အလုပ်လုပ်တဲ့နေရာကို သွားနေကြတာကိုတွေ့ရတယ်လို့ ပြန်ပြောလိုက်တယ်။ ပထမအလုပ်ရှိတဲ့နေရာကိုရောက်လာကြတဲ့ လူတွေအပေါ်ကို ခုနက ကျွန်မပေါ်ကို ကျလာခဲ့တဲ့ အဖြူရောင် အဖုအသီးလေးတွေ ကျနေခဲ့ပေမယ့် ဒုတိယအုပ်စုအလုပ်ရှိရာသို့ ရောက်တဲ့အခါမှာတော့ သူတို့အပေါ် မရွာသွန်းပဲ ရပ်သွားတယ်။

တနင်္ဂနွေနေ့ မနက်တစ်ခုမှာ ဘုရားကျောင်းပေါင်းစုံသို့ ရောက်ရှိလာကြတဲ့ အုပ်စုပေါင်းစုံကို တွေ့လိုက်ရတယ်။ စောပြီး ဘုရားကျောင်းဝင်းထဲ ဝင်လာသူတွေ အားလုံးပေါ်ကို အဖြူရောင်အဖုသီးလေးတွေ ရွာသွန်းလာတာကို တွေ့ရတယ်။ မိုးက အဲဒီရွာသွန်းမှုကတော့ ဆက်တိုက်ဖြစ်နေပေမဲ့ ခဏကြာတော့ ချက်ချင်းဆိုသလို ရပ်တန့်သွားတယ်။ နောက်လာတဲ့လူတွေကတော့ ဘာမှကို မရရှာကြတော့ဘူး။ အဲ့ဒီရူပါရုံကို နားလည်လားလို့ ယေရှုက မေးတော့ ကျွန်မကမသိဘူးလို့ ပြန်ဖြေလိုက်တယ်။ သူရှင်းပြတာကတော့ **'ဒီရူပါရုံဆိုလိုခြင်းအဓိပ္ပါယ်က ဘယ်အချိန်၊ ဘယ်နေရာမှာ သင်ရှိကိုရှိ၊ ရောက်ကို ရောက်နေရမယ်ဆိုတဲ့ အချိန်နဲ့နေရာမှာ ကောင်းကင်တမန်တွေ အမြဲတမ်းရောက်လာပြီး ကောင်းချီးမိုယ်းတွေ ကြဲချလေ့ရှိတယ်။ အချိန်မှီရောက်ရင် ကောင်းကြီးရမယ်။ နောက်ကျရင် ကောင်းကြီးမရဘူး။ ဘာကြောင့်လဲဆိုတော့ ကောင်းကင်တမန်တွေက. . . အဲ့ဒီအချိန် သတ်မှတ်ထားတဲ့ အချိန်မှာပဲ ကောင်းကြီးကို ကြဲချပေးတာမို့လို့လေ။ သင်မှတ်မိရမှာက အဲဒီအချိန်ကို မလွတ်စေနဲ့။ အဲ့ဒီကောင်းကြီးမင်္ဂလာကို ရအောင်ယူဖို့ပဲ။ ဘာအကြောင်းပြချက်မှ မပြနဲ့။ နောက်ထပ် ဒီကောင်းကြီးဟာ ပြန်မရတော့ဘူး။ ဝိတိုရိယ . . ဒီလိုနောက်ကျတတ်တဲ့အကျင့်ကို ပြင်ပါ။'** လို့ပြောတယ်။

ဒီစကားတွေ ခရစ်တော်ဘုရားက ပြောလိုက်တဲ့အချိန်မှာတော့ သူ့ရှေ့ကနေ ကျွန်မတကယ်ပဲ ပျောက်ထွက်သွားချင်တယ် (ဒါမှမဟုတ်) သေချာတဲ့အကြောင်းပြချက်တွေပေးပြီး ဘာကြောင့်နောက်ကျကြောင်း ပြောပြချင်တယ်။ ကျွန်မအိပ်ယာထနောက်ကျသွားတာမို့လို့ပါလို့ ပြောလိုက်တော့ ကျွန်မရဲ့မျက်လုံးအစုံထဲကို သူစူးစိုက်စွာ ကြည့်လိုက်ပြီး ညာနေတယ်လို့ ပြောတယ်။ ကျွန်မမှာနိုးထပြီး အပျင်းကြီး၍ နောက်ထပ်မိနစ်အနည်းငယ် ပြန်အိပ်တတ်တဲ့အကျင့်ဆိုးရှိတယ်လို့လည်း ပြောပါသေးတယ်။

ထို့နောက်ဘုရားရှင်က **'ထလော့။ သွားကြစို့။ အချိန်သည် ကုန်ဆုံးလျက်ရှိ၏။ ငါတို့တွင် လုပ်စရာများစွာရှိ၏'** လို့ပြောတယ်။

တစ်ခါမှ မရောက်ဖူးသေးတဲ့နေရာကို ဘုရားရှင်က ခေါ်လာတယ်။ လမ်းမကြီးတစ်ခုပေါ်မှာ လမ်းလျှောက်လာကြတယ်။ သိပ်လှတဲ့ သစ်ပင်စိမ်းကြီးတွေ၊ သိပ်လှတဲ့ပန်းပင်ကြီးတွေရှိတဲ့ ဥယျာဉ်ကြီးတစ်ခုကို ရောက်လာတယ်။ ကမ္ဘာကြီးမှာ အလှဆုံးဆိုတဲ့အရာက အဲဒီဥယျာဉ်ကို ယှဉ်လို့တောင် မရနိုင်ဘူး။ ပန်းမျိုးစုံ၊ အရောင်မျိုးစုံ၊ ကျွန်မတို့ ထိုင်လိုက်တယ်။ ခုံတန်းရှည်ပေါ်မှာလေ။ ရွှေနဲ့ထုလုပ်ထားပြီး ငွေကြယ်တွေထပ်ထားတဲ့ ခုံတန်းရှည်ပေါ့။

ထိုင်လိုက်တဲ့အခါမှာတော့ ရှေ့ကိုလက်ညှိုးညွှန်ပြပြီး ဘုရားရှင်က **'ဝိတိုရိယ. . ရှေ့မှာတွေ့နေရတဲ့ မြို့တော်ကြီးကို တွေ့ရပါလား။?'** လို့ မေးတယ်။ ကျွန်မလှမ်းကြည့်လိုက်တော့ အင်မတန်ကြီးမားထည်ဝါပြီး ခန့်ညားလှပ၊ ထွန်းလင်းတောက်ပတဲ့ မြို့တော်ကြီးကို တွေ့လိုက်ရတယ်။

ဖော်ပြလို့မရနိုင်လောက်အောင် လှတယ်။ ရွှေရောင်တောက်ပနေတဲ့ ဂိတ်တံခါးအကြီးကြီးရှိတယ်။ အသက်တော်တော်ကြီးပြီဖြစ်တဲ့ လူတစ်ယောက်က တံခါးဝနားမှာ ထိုင်နေတယ်။ ဆံပင်ဖြူနဲ့ မုတ်ဆိတ်ရှည်အဖြူရှိတယ်။ ဒီလူကို အရင်တုန်းက တွေ့ဖူးသလိုပါပဲ။ ဒါနဲ့ ခရစ်တော်ဘုရားရှင်ကို ဒါဘယ်သူပါလဲလို့ မေးလိုက်တော့ ယုံကြည်ခြင်းရဲ့ဖခင် အာဗြဟံဖြစ်တယ်လို့ ပြောတယ်။

လမ်းတွေအများကြီးကိုလည်း မြို့ထဲမှာ တွေ့ရတယ်။ ရွှေသားအတိခင်းထားတဲ့ လမ်းတွေလေ။ မိုးထိမြင့်တဲ့ တိုက်တာအဆောက်အဦးကြီးတွေ အများကြီးရှိတယ်။ ရွှေရောင်ကို ထိန်လင်းနေတာပဲ။ မြို့ရဲ့ကျက်သရေနဲ့ အရောင်တန်ခိုးဖြာထွက်နေမှုကို တင်စားလို့တောင် မရနိုင်လောက်အောင်ပါပဲ။

ဘုရားရှင်က **'အဲ့ဒီမြို့နဲ့ပတ်သက်ပြီး ဘာထင်ပါလဲ?'** လို့မေးတယ်။ လှတယ်။ ကျွန်မအဲဒီကိုသွားချင်တယ်လို့ ဖြေလိုက်တယ်။ ခရစ်တော်ဘုရားက **'ငါ့သမီးကို အဲ့ဒီကိုခေါ်သွားမယ်။ အကယ်၍ သမီးဟာ နာခံမယ်ဆိုရင် အဲဒီမှာ သမီးရဲ့အိမ် ရှိနေမှာမို့လို့ပဲ။ နာခံခြင်းအသက်တာနဲ့ အသက်ရှင်ပါ။ အကယ်၍ နာခံခြင်းမရှိဘူးဆိုရင်. . သမီး ဝိတိုရိယရဲ့အိမ်ထဲကို ကျီးအတွေ ဝင်ရောက်ပျံသန်းနေလိမ့်မယ်။ သမီးရဲ့အိမ်ဟာ ဇီးကွက်တို့ရဲ့ ကျက်စားရာနေရာ၊ သရဲတစ္ဆေတို့ရဲ့ ဆော့ကစားရာနေရာ ဖြစ်လိမ့်မယ်။ ဒါပေမယ့် မကြောက်ပါနဲ့။ ငါဘုရားရှင်က သမီးနဲ့အတူရှိတယ်။ နာခံလိုက်လျှောက်ပါ။ မနာခံလိုက်လျှောက်တဲ့လူတိုင်းရဲ့အိမ်မှာ ကျီးအများဟာ ဝင်ထွက်ပျံသန်းနေပြီး၊ ဇီးကွက်တို့လည်း မှီတင်းနေထိုင်လျက် သရဲတစ္ဆေတို့ ဆော့ကစားနေကြလိမ့်မယ်။'**

ခရစ်တော်ဟာ တကယ်ကို ယနေ့အသက်ရှင်လျက် ရှိနေပါတယ်။ ဖော်ပြလို့မရနိုင်တဲ့ မေတ္တာနဲ့ကို ကျွန်မတို့အားလုံးကို တအားချစ်တာ။ သူ့ရဲ့အလိုတော်ကတော့ ကျွန်မတို့အားလုံး 'အသက်' ကိုရွေးချယ်ပြီး သူနှင့်အတူ ထာဝရစိုးစံကြဖို့ပါပဲ။ ငရဲကို ရောက်ကြတဲ့လူတွေအားလုံးအတွက် သူ့ရဲ့နှလုံးသားဟာ အင်မတန် ကြေကွဲနေတယ်။ ဘာကြောင့်လဲဆိုတော့ သူပေးတဲ့ ကယ်တင်ခြင်းကို ငြင်းပယ်ပြီး သေခြင်းကို ရွေးခဲ့ကြလို့လေ။

ခရစ်ယာန်. . ဒုတိယမွေးခြင်းကို ခံပြီးတဲ့လူ. . သင်ဘယ်သူပဲဖြစ်ဖြစ် သိပါစေ. . . အချိန်သည် လျင်မြန်စွာ ကုန်ဆုံးနေ၏။

**ဘုန်းစည်းစိမ်၌စံပါယ်သောခရစ်တော်၏ကြီးမြတ်သောနာမတော်၌**

**ဘာသာပြန်ဆိုသူ**

**Chris Htet Naing U**

**(အဖိုးဆရာကြီးဦးမောင်ဦးနှင့်အဖွားဆရာမကြီးဒေါ်ခင်ဆုံတို့အားဂုဏ်ပြုလျက် ရေးသားပါသည်။)**

**(CHRISHNU@GMAIL.COM သို့တုန့်ပြန်ချက်များကိုပေးပို့ခြင်းဖြင့် အပြန်အလှန်ဆက်သွယ်ကြရအောင်)**